## သတိပြုလိုက်နာရန်

ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကိုအစမပြုပါနှင့်။

ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုလည်းထိခိုက်စေသဖြင့်လုံးဝရှောင်ကြဉ်ပါ။

နောက်ဆက်တွဲရောဂါများ ဖြစ်ပွားလာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ဆောလျင်စွာပြသ၍စနစ်တကျကုသမှုခံယူပါ။

ကလေးငယ်များအနီးတွင် ဆေးလိပ်သောက်ခြင်း၊ ကလေးငယ်များအား ဆေးလိပ်မီးညှိခိုင်းခြင်းကို ရှောင်ကြဉ်ပါ။ ကလေးများတွင် မကောင်းသည့်အမူအကျင့်များ ကူးစက်နိုင်ပါသည်။

သင်နှင့် သင့်မိသားစု ရောဂါဘယ ကင်းဝေးစေရန် ဆေးလိပ်၊ စီးကရက် အမျိုးမျိုးနှင့် ကွမ်းယာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ။




# ဆေးလိပ်၊ ဆေးရွက် ကင်းစင်မှ ရောဂါဘယ ကင်းဝေးရ



**Towards Tobacco Free Myanmar**











ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲနှင့်
မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲတို့
ပူးပေါင်း ထုတ်ဝေသည်။

(၂၀၂၀၊ ဖေဖော်ဝါရီလ)

## ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်

- ဆေးရွက်ကြီးနှင့် ဆေးလိပ်မီးခိုးငွေ့တွင် ကတ္တရာ၊ ကာဗွန်မိုနောက်ဆိုဒ်၊ ဘင်ဇင်း၊ အမိုးနီးယား အပါအဝင် ကင်ဆာဖြစ်စေတတ်သော ဓါတ်ပစ္စည်း (၄၀၀၀) ကျော်ပါဝင်ပါသည်။
- ဆေးရွက်ကြီးတွင် ပါဝင်သော နီကိုတင်းသည် စွဲလမ်းစေသော အာနိသင်ရှိသည်။
- ၎င်းအာနိသင်ကြောင့် စတင် စမ်းသပ်ကြည့်ရာမှ တဖြည်းဖြည်း ပို၍ စွဲလမ်းလာပြီး ဆေးလိပ်မသောက်ရ မနေနိုင်အောင်၊ ကွမ်းမစားရ၊ ဆေးမငုံရ မနေနိုင်အောင် ဖြစ်လာကြပါသည်။

**ကွမ်းထဲတွင် ဆေးထည့်စားခြင်း၊**

**ဆေးရွက်ကြီးငုံခြင်းနှင့်**

**ဆေးလိပ်သောက်ခြင်းတို့ကြောင့်**

**လူတို့၏ အသက်ကို သေစေနိုင်သည်အထိ**

**အန္တရာယ်ရှိပါသည်။**

## ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့်ဖြစ်သော ရောဂါများ

ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါသောကွမ်းစားခြင်းတို့ကြောင့် –

- ခံတွင်းကင်ဆာ
- လည်ချောင်းကင်ဆာ
- အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး
- နှလုံးသွေးကြောကျဉ်းခြင်း
- သွေးကြောပိတ်ခြင်း
- ဦးနှောက်သွေးကြောပိတ်၍လေဖြတ်ခြင်း
- အဆုတ်ပွရောဂါ
- ပြင်းထန်သည့်သွေးတိုးရောဂါ
- ခြေပုပ်၊ လက်ပုပ်ရောဂါ စသည်တို့ဖြစ်နိုင်ပါသည်။

ခံတွင်းကင်ဆာ



လည်ချောင်းကင်ဆာ



ခြေပုပ်လက်ပုပ်ရောဂါ



အဆုတ်ကင်ဆာ



## အဆိုပါရောဂါများအပြင် –

အမျိုးသားများတွင်



- အသက်ရှူမဝခြင်း
- ပန်းသေ၊ ပန်းညိုးရောဂါရခြင်း
- အိမ်ထောင်ရေးသုခအပြည့်အဝ မခံစားနိုင်ခြင်း။

ကိုယ်ဝန်ဆောင်ချိန်တွင် အမျိုးသမီးများဆေးလိပ်သောက်လျှင် – သူတစ်ပါးဆေးလိပ်ငွေ့ရှူရလျှင် –



- ကိုယ်ဝန်ပျက်ခြင်း
- ကလေးအသေမွေးခြင်း
- လမစေ့၊ ပေါင်မပြည့်သောကလေး မွေးဖွားခြင်း
- မွေးရာပါကိုယ်လက်အင်္ဂါချို့ယွင်းသည့် ကလေး မွေးဖွားခြင်း
- မွေးစကလေး ရုတ်တရက်သေဆုံးခြင်းများ ဖြစ်ပွားနိုင်ပါသည်။

ဆေးလိပ်မီးခိုးငွေ့များသည် မွေးကင်းစကလေးများနှင့် လသားကလေးငယ်များတွင် –



- အသက်ရှူလမ်းကြောင်းရောဂါများ
- ရင်ကြပ်ပန်းနာရောဂါနှင့်
- နားပြည်ယိုခြင်း မကြာခဏ ဖြစ်တတ်သည်။